# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၃၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့ ဖတ် စ ရာ**

**တဒင်္ဂမြေလျှောင်နှင့် ထာဝရဘဝများ** — ဆောင်းပါး — စာ ၆

**တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ဦးဖြစ်ဖို့ ရွေးကောက်ပွဲမှာ မဲပေးပါ** — ဆောင်းပါး — စာ ၁၀

**အများပြည်သူလူထု ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် သာစည်-ရွှေညောင် လူစီးရထားအား တောင်ကြီးအထိပြေးဆွဲပေးမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တောင်ကြီး-ပေါ်မူ-တောင်ကြီး Sight Seeing ရထားများ ပြန်လည်ပြေးဆွဲပေးမည်** — ပြည်တွင်းသတင်း — စာ ၁၁

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❖*ရွှေဖုံးမှ*

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ကိုးပါးသီလခံယူဆောက်တည်**

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



### မော်တော်ယာဉ်များဖြင့် လှည့်လည်

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**မော်တော်ယာဉ်များဖြင့် လှည့်လည်**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား အောက်တိုဘာ ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

**ပို့ဆောင်လှူဒါန်း**

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၉၅၈၉၄၂၆၀ ကိုလှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# တောင်ကြီးမြို့ ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၉**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများက စူဠာမုနိလောကချမ်းသာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်ပူဇော်ကြပြီး စိန်နားပန်မီးပုံးပျံ တစ်လုံး လွှတ်တင်ပူဇော်ပေးသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူးဗိုလ်ချုပ် ကျော်နိုင်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ယာပုံ)**



ထို့နောက်တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးကော်မတီနာယက၊ ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင် လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံ ၂၅၈ လုံး၊ ညလွှတ် မီးပုံးပျံညမီးကြီး ၄၃ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၇လုံးဖြင့် မီးပုံးပျံပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၏ အထင်ကရ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးတွင် တိုင်းရင်းသားလူမျိုးစုအားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသည့် ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးကို တိုင်းရင်းသားလူမျိုးစု ညီအစ်ကိုမောင်နှမများအားလုံး စည်းကမ်းတကျနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆင်နွှဲကြခြင်းဖြင့် မြန်မာတိုင်းရင်းသားတို့၏ရိုးရာအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တန်ဆောင်တိုင်ပွဲတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စိန်နားပန်မီးပုံးပျံ တစ်လုံး လွှတ်တင်ပေး၍ တိုင်းရင်းသား တိုင်းရင်းသူများက မီးပုံးပျံအလတ်အလုံး ၅၀၊ ကျောင်းသား ကျောင်းသူ ၉၀၀ က မီးပုံးပျံအသေး ၃၀၀ လွှတ်တင်ပေးကာ မီးရှူး၊ မီးပန်းပစ်ဖောက်ပေးကြပြီး အဆိုတော် ဟိန်းကိုနှင့် အာကာဟိန်းတို့က “လှမ်းခဲ့ပါချယ်ရီမြေနှင့် မင်္ဂလာပါမိုင်ဆုန်ခ” သီချင်းဖြင့် ဖျော်ဖြေ၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့က တူညီအကဖြင့် တင်ဆက်ဖျော်ဖြေပေးကြပြီး ခေတ်ပေါ်တေးဂီတစီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# တဒင်္ဂမြေငလျင်နှင့် ထာဝရဘာဝများ

ဝထကလသ (နတလ)

❖ **ကမ္ဘာဦးကာလမှစ၍ ကမ္ဘာမြေပေါ်တွင် လူသားတို့ နေထိုင်ခဲ့ကြ၏။ ခေတ်အဆက်ဆက် ကျွန်ုပ်တို့၏ စားစရာအတွက် ကမ္ဘာမြေကို ထွန်ယက်စိုက်ပျိုးခဲ့၏။ နေစရာအတွက် ကမ္ဘာမြေကို ခုတ်ထွင်ရှင်းလင်းခဲ့၏။ ဝတ်စရာအတွက်လည်း ကမ္ဘာမြေကို အသုံးပြုခဲ့၏။ ကျန်းမာရေးအတွက် ဆေးဝါးဓာတ်စာဖြစ်သော ကမ္ဘာမြေမှ သစ်ဥသစ်ဖုများကို တူးဆွခဲ့ကြ၏။ တိရစ္ဆာန်များသည်လည်း ကမ္ဘာမြေကို အမှီပြုကာ နေထိုင်ကြ၏။ ကမ္ဘာမြေကား ကျွန်ုပ်တို့ကို ပေးမြဲပေးလျက်၊ ကျွေးမြဲကျွေးလျက်ရှိချေ၏။ အပြုံးမပျက်ခဲ့။ ထို့ကြောင့် ကမ္ဘာမြေကြီးကို မပျက်စီးစေရန်၊ ထိန်းသိမ်းရန် လူသားအားလုံး၌ တာဝန်ရှိ**

### လွန်ခဲ့သော ၇ လ ကျော်

ဤရာသီ၊ ဤလ၊ ဤရက်၊ ဤအချိန်တွင် ဤကဲ့သို့ ပြင်းထန်သောငလျင်ကြီး လှုပ်ခတ်လိမ့်မည်ဟု မထင်မှတ်ခဲ့။ အိပ်မက်မဟုတ်ခဲ့သော အမြဲသတိရနေမယ့် ရက်တစ်ရက်ပင် ဖြစ်လေသည်။

ဤရာသီတွင် သစ်ရွက်များ ရွှေရောင်သန်းလျက်ရှိသည်။ ပိတောက်ပန်းများ ဖူးပွင့်လာပြီး ရွှေချည်များ ငင်ထားသကဲ့သို့ ဝင့်ကြွားစွာ ဖြစ်တည်နေကြသည်။ စိန်ပန်းများ၏ ဖြူစင်သောအလှသည်လည်း ပူပြင်းမှုကြားမှ အေးမြသော အလှတရားကို ဖော်ပြနေပါသည်။

ငုဝါပန်းများ၏ ဝါကြန့်ကြန့်အရောင်များက ဤရာသီကို ပို၍တောက်ပစေပြန်သည်။ ထူးခြားသည်က ကုက္ကိုပင်များ ရင့်မှည့်ချိန်ဖြစ်သည်။ ထို့ကြောင့် ဤကာလသည် ပိတောက်၏ ရွှေရောင်၊ စိန်ပန်းရောင်စုံ၊ ငုဝါ၏ အဝါရောင်နှင့် ကုက္ကို၏ ချိုမြိန်မှုတို့ဖြင့် မြန်မာ့သဘာဝကို အလှဆုံးဖော်ပြနေသော ရာသီပင်ဖြစ်လေသည်။

### မန္တလေးငလျင်ကြီး

ဤလှပသောရာသီ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်၊ ၁၂:၅၁ နာရီအချိန်...

ပထမတွင် မြေကြီးသည် တစ်သမတ်တည်း တငြိမ့်ငြိမ့် စတင်လှုပ်ခတ်လာသည်။ ထို့နောက် လျှပ်စစ်မီးများ ပြတ်တောက်သွားသည်။ ဒုတိယမှာ မြေကြီး၊ သစ်ပင်၊ အဆောက်အအုံ၊ နံရံများနှင့် ဗီရိုများ၊ ပစ္စည်းများက ကြွက်တက်သကဲ့သို့ တုန်ရီလာသည်။ ပြီးတော့ မြေကြီး၏ ပဲ့တင်သံတို့နှင့်အတူ အဆက်မပြတ် ပြင်းထန်စွာ လှုပ်ခါယမ်းတော့သည်။ တတိယမှာ အရာရာအားလုံး ပြန်လည်ငြိမ်သက်ရပ်တန့်သွားသည်။

ရပ်သွားသည့်တိုင် မယုံနိုင်သေး။ ကြောက်ရွံ့ခြင်း၏ အကြွင်းအကျန်များက လူတိုင်း၏ မျက်နှာပေါ်တွင် ကျောက်စာတစ်ခုလို ထွင်းထားသည်။ ကြောက်ရွံ့မှုထက်ပိုသော ဝမ်းနည်းမှု၊ မမြင်ရသေးသော ပတ်ဝန်းကျင်အဖြစ်အပျက်နှင့် အနာဂတ်အတွက် စိုးရိမ်မှုများက မြေကြီး၏ ပဲ့တင်သံနှင့်အတူ ရောထွေးနေပါသည်။

ဤသို့ဖြင့် ထင်မှတ်မထားသော၊ ကြိုတင်မသိနိုင်သော ရစ်(ခ်)တာစကေး ၇ ဒသမ ၇ ဖြင့် ဖျက်အားပြင်း မန္တလေးငလျင်ကြီးသည် လှုပ်ခတ်သွားခဲ့ပေပြီ။ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ နေပြည်တော်၊ အင်းလေးဒေသနှင့် တချို့နေရာဒေသများ၌ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။ ရှေးဟောင်းအမွေအနှစ်များလည်း ပြိုလဲခဲ့ရသည်။ လမ်း၊ တံတားများ များစွာ ထိခိုက်ပျက်စီးခဲ့သည်။ မိသားစုပေါင်းများစွာ အသက်ဆုံးရှုံးခဲ့၊ ဘဝတွေပြိုကွဲခဲ့ကြသည်။ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများလည်း ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ စည်းစိမ်ဥစ္စာ၊ အိမ်ရာတိုက်တာတွေ ဆုံးရှုံးကြေကွဲစရာဖြစ်ခဲ့ပြီ။

မန္တလေးငလျင်ကြီးကြောင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားပျက်စီး၊ ဆုံးရှုံးမှုများ အလွန်ကြီးမားခဲ့သည်။

> **“ငလျင်သည် မြေကြီးကို ကွဲအက်စေနိုင်သော်လည်း လူသားတို့၏ စည်းလုံးမှုကိုမူ မချိုးနှိမ်နိုင်ခဲ့ပေ။ ငလျင်သည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာတို့ကို ပြိုလဲနိုင်စေခဲ့သော်လည်း ကျွန်ုပ်တို့၏ စိတ်ဓာတ်များကိုမူ မချိုးနှိမ်နိုင်ခဲ့။ ဤဘေးဒုက္ခသည် ကျွန်ုပ်တို့အား ပြန်လည်ထူထောင်ရန်၊ ရှင်သန်ရန်၊ ပိုမိုခိုင်မာစွာ ပူးပေါင်းရပ်တည်ရန် သင်ခန်းစာပေးခဲ့သည်ဟု ယုံကြည်မိ”**

တွက်ချက်ထားမှုအရ ငွေကျပ် ၃၆၂၉ ဒသမ ၂၀၈ ဘီလီယံရှိခဲ့သည်ဟု မှတ်တမ်းများအရ သိရပါသည်။ လှပသော ရာသီသည်လည်း အကျည်းတန်ခဲ့ရပြီ။

### ငလျင်ဟူသည်

စာရေးသူသည် “ငလျင်ပညာရှင်” မဟုတ်ပါ။ သို့သော် လေ့လာမှုအရ ငလျင်အကြောင်း အကျဉ်းမျှသာ သိပါသည်။ ငလျင်သည် ကမ္ဘာ့သဘာဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူသားတို့ ထိန်းချုပ်၍ မရနိုင်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။

ငလျင်များသည် သက်တမ်းတစ်ခုမရှိ၊ အစအဆုံးမရှိဘဲ အမြဲတမ်း ကမ္ဘာမြေပေါ်တွင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ငလျင်ကို မဖြစ်အောင် တားဆီး၍မရခဲ့။ ကမ္ဘာကြီး၏ အတွင်းပိုင်း သက်တမ်းရင့်သော လှုပ်ရှားမှုများကိုလည်း ရပ်တန့်စေနိုင်ခြင်း မစွမ်းနိုင်ခဲ့။ ငလျင်သည် ခေတ်မီဖွံ့ဖြိုးပြီး နည်းပညာအဆင့်မြင့်နိုင်ငံ၊ ဖွံ့ဖြိုးဆဲဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျသည့် တိုင်းပြည်ဟူ၍ ရွေးချယ်မှုမရှိ၊ ညှာတာမှုမရှိ၊ ခွဲခြားမှုမရှိပေ။ ထို့ကြောင့် ငလျင်အန္တရာယ်များကို မဖြစ်မနေ ရင်ဆိုင်နေကြရဆဲဖြစ်သည်။

### လူသားတို့၏ လောဘကြောင့်

**လူသားတို့၏ လောဘကား အရာရာကို မရောင့်ရဲ၊ မတင်းတိမ်နိုင်။ ကမ္ဘာမြေကို လက်တစ်ဆုံးနှိုက်ကြ၏။ လောင်စာစွမ်းအင်မျိုးစုံ၊ ဓာတ်သတ္တုမျိုးစုံတို့ကို ကမ္ဘာမြေမှ တူးဖော်လေ၏။ စက်ယန္တရားအစွမ်းဖြင့် ကမ္ဘာမြေကို အသူတစ်ရာနက်အောင် တူး၏။ ကုန်းကို ဖွဲ့၏။ တောင်ကိုဖြို၏။ ကျောက်ဆောင်ကျောက်သားကို ဖောက်ထွင်းလေ၏။ ကမ္ဘာမြေကား လူသားတို့လက်၌ ပျက်စီးလေတော့သည်။ ထိုအခါ ကမ္ဘာမြေသည် ကျုံ့လေ၏။ ကုန်းသည်လည်း စောင်း၏။ တောင်သည်လည်း ပြိုလေ၏။ ကျောက်ဆောင် ကျောက်သားတို့ကလည်း အပူငွေ့ကို အထိန်းအကွပ်မဲ့ ထုတ်လွှတ်လေတော့၏။**

ကမ္ဘာမြေကြီးသည် အသက်ရှူသော သက်ရှိတစ်ခုပမာပင်ဖြစ်သည်။ သူ၏ အတွင်းပိုင်းတွင် အဆက်မပြတ် လှုပ်ခတ်နေသော စွမ်းအင်များ၊ ပြင်းထန်သော ဖိအားများကြောင့် မကြာခဏ မတည်ငြိမ်မှုများ ဖြစ်ပေါ်တတ်သည်။ ထိုမတည်ငြိမ်မှုတို့ ရုတ်တရက် လှုပ်ခတ်လိုက်သောအခါတွင် ငလျင်ဟူသော ဘေးအန္တရာယ်ကြီး ပေါ်ပေါက်လာတော့သည်။

ငလျင်သည် လူသားတို့အား ကြောက်ရွံ့တုန်လှုပ်စေသော်လည်း ကမ္ဘာကြီး၏ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်သည်။ ကမ္ဘာမြေရှိ လူသားတို့အား တန်ပြန်ဒဏ်ခတ်သကဲ့သို့ပင် ဖြစ်လေတော့၏။

**ယနေ့ခေတ်တွင် သိပ္ပံပညာများကြောင့် ငလျင်လက္ခဏာများကို ခန့်မှန်းလာနိုင်သော်လည်း တကယ်တမ်းဖြစ်ပွားမည့်အချိန်နှင့် အနေအထားကိုမူ တိတိကျကျ ခန့်မှန်းနိုင်ခြင်း မရှိသေးပါ။ ပညာရှင်တို့၏ ကြိုးပမ်းမှုများကြောင့် ငလျင်ကြိုတင်သတိပေးစနစ်များ တည်ဆောက်နိုင်ခဲ့သော်လည်း ငလျင်၏ တကယ့်လျှို့ဝှက်မှုကို အပြည့်အဝ သိရှိနိုင်ခြင်းမရှိသေးပါ။**

ငလျင်သည် သဘာဝ၏ လျှို့ဝှက်သော သီချင်းတစ်ပုဒ်ဖြစ်ပြီး တည်ငြိမ်အေးစက်မှုနှင့် လှုပ်ရှားမှုတို့ ပေါင်းစပ်ထားသည့် အနုပညာတစ်ခုဖြစ်သည်ဟု အချို့ကဆိုကြပါသေးသည်။

### အရေးပေါ်တုံ့ပြန်မှုနှင့် စုပေါင်းအားထုတ်မှု

**“ခေါင်းဆောင်ကောင်း”** ဆိုသည်မှာ အမှောင်ထုခရီးလမ်းထဲက မီးအိမ်ဖြစ်၏။ လမ်းပြပေးရုံသာမက ခရီးတစ်လျှောက် ခရီးသွားတိုင်း၏ နှလုံးသားကိုပါ နွေးထွေးစွာ အလင်းဖြည့်ပေးသူလည်း ဖြစ်သည်။ မျှော်လင့်ချက်များကို ပြန်လည်၍ မီးထွန်းညှိပေးသူများလည်းဖြစ်သည်။ အောင်မြင်မှုဆိုသည့် ပန်းချီကားကို ပြည်သူတို့၏ လက်နှင့် ရေးဆွဲခိုင်းသူမဟုတ် သူတို့ကိုယ်တိုင် စုတ်တံများကိုင်၍ အတူတူခြယ်မှုန်းပေးသူလည်း ဖြစ်ပါသည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် နာရီပိုင်းအတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများသို့ နိုင်ငံတော်အကြီးအကဲ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့မှုများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်စေခဲ့သည်။ ပစ္စည်းကိရိယာ စုံစုံလင်လင်ဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဂရုပြုဆောင်ရွက်သွားနိုင်ရေးနှင့် ပြည်တွင်း ပြည်ပ အကူအညီများ ပေးအပ်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

ပြည်တွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် သာမန်ပြည်သူများပါ မိမိတို့စွမ်းအားရှိသမျှ ပါဝင်ကူညီခဲ့ကြသည်။ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိခဲ့ကြသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ကူညီမှု၊ ကျွမ်းကျင်မှုနှင့် ပစ္စည်း၊ ငွေကြေး၊ အထောက်အပံ့များသည် ဤပြင်းထန်သော စိန်ခေါ်မှုကို ရင်ဆိုင်ရာတွင် အလွန်အရေးပါသော အားဖြည့်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းစတင်နိုင်ခဲ့သည်။ ဦးစီးဆောင်ရွက်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများက ပြိုကျနေသော အဆောက်အအုံများအောက်မှ အသက်ရှင်သူများကို ဦးစားပေးရှာဖွေကယ်ဆယ်ရန် နေ့နေ့ညည မနားမနေ ကြိုးစားခဲ့ကြသည်။ ကယ်ဆယ်ရေး၊ ပျက်စီးမှုများ စစ်ဆေးရေး၊ ဒုက္ခသည်များ ယာယီထားရှိရေး၊ အစားအသောက်နှင့် ရေရရှိရေး၊ ကျန်းမာရေးဝန်ဆောင်မှုများပေးရေး စသည့်လုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

### ခိုင်မာသော စိတ်ဓာတ်

**ငလျင်သည် မြေကြီးကို ကွဲအက်စေနိုင်သော်လည်း လူသားတို့၏ စည်းလုံးမှုကိုမူ မချိုးနှိမ်နိုင်ခဲ့ပေ။ ငလျင်သည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာတို့ကို ပြိုလဲနိုင်စေခဲ့သော်လည်း ကျွန်ုပ်တို့၏ စိတ်ဓာတ်များကိုမူ မချိုးနှိမ်နိုင်ခဲ့။ ဤဘေးဒုက္ခသည် ကျွန်ုပ်တို့အား ပြန်လည်ထူထောင်ရန်၊ ရှင်သန်ရန်၊ ပိုမိုခိုင်မာစွာ ပူးပေါင်းရပ်တည်ရန် သင်ခန်းစာပေးခဲ့သည်ဟု ယုံကြည်မိသည်။**

ဤသို့သော ငလျင်တို့သည် မိနစ်ပိုင်းအတွင်း ပျက်စီးမှုများကို ဖြစ်ပေါ်စေသော်လည်း ပြန်လည်တည်ဆောက်ရေးအတွက် လပေါင်းများစွာ နှစ်ချီ၍ပင် ကြာမြင့်တတ်သည်။ ခရီးရှည်ကြီးတစ်ခုပင်ဖြစ်သည်။ ဤနေရာတွင် ကြီးမားသော ငလျင်ကြီးများ ကြုံတွေ့ခဲ့ရသော ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် **“ဂျပန်နိုင်ငံ”**ကို ဥပမာပြုရပေမည်။

### ဂျပန်ငလျင်နှင့် ပြန်လည်ထူထောင်ရေးကာလများ

ဂျပန်နိုင်ငံသည် ငလျင်အများဆုံး ကြုံတွေ့ရသော နိုင်ငံတစ်ခုဖြစ်ပြီး ကြီးမားသည့် ငလျင်များ (Earthquakes )နှင့် ဆူနာမီ (Tsunami)တို့ကြောင့် အကြီးစားပျက်စီးမှုများကို မကြာခဏ ရင်ဆိုင်ရပါသည်။

ဂျပန်နိုင်ငံ၏ အဆောက်အအုံများသည် တည်ဆောက်မှုစံနှုန်း မြင့်မားသောကြောင့် ငလျင်ဒဏ်အား ကောင်းစွာခံနိုင်ရည်ရှိကြသည်။ အရေးပေါ်တုံ့ပြန်မှုစနစ်တွင်လည်း ပြည်သူများ အသုံးပြုနေသော မိုဘိုင်းလ်ဖုန်းများသို့ သတိပေးစနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ပေးလျက်ရှိသည်။ ငလျင်သဘာဝဘေး ကာကွယ်ရေးအတွက်လည်း ဆောင်ရန်/ရှောင်ရန်များကို ကြိုတင်လေ့ကျင့်ထားပါသည်။

၂၀၂၄ ခုနှစ်တွင် နိုတိုဒေသငလျင် (Noto earthquake)သည် ဂျပန်နိုင်ငံ အစ်ရှိကာဝါဒေသ၌ ရစ်ခ်တာစကေး(Richter scale) ၇ ဒသမ ၆ အဆင့်ဖြင့် နောက်ဆုံးလှုပ်ခတ်ခဲ့သော မြေငလျင်ဖြစ်သည်။ ထိုငလျင်ကြောင့် ထိုဒေသတွင် အိမ်ခြေရာ၊ ထောင်ချီပျက်စီး၍ လူဦးရေ ၂၀၀ ကျော် သေဆုံးခဲ့ပါသည်။ ပညာရှင်များက အခြေခံပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် တစ်နှစ်မှ သုံးနှစ်ခန့် အချိန်ကြာမြင့်နိုင်ကြောင်း၊ စီးပွားရေးနှင့် လူမှုရေး

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
**၅၉**
ရက်
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

*စာမျက်နှာ ၆ မှ*

လုပ်ငန်းများ ပြန်လည်ထူထောင်မည်ဆိုပါက အချိန်ကာလအားဖြင့် ငါးနှစ်ခန့် ကြာမြင့်မည်ဟု ခန့်မှန်းကြပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (Rehabilitation Works)အတွက် ကြာမြင့်ချိန်မှာ ပျက်စီးမှုအဆင့်၊ နေရာဒေသနှင့် အစိုးရ/အဖွဲ့အစည်းများ၏ တုံ့ပြန်မှုအပေါ် မူတည်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတစ်ခုပင်လျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဤမျှအချိန်ယူရလျှင် ဖွံ့ဖြိုးရန် အားယူဆဲ ကျွန်ုပ်တို့နိုင်ငံ၏ ထူထောင်ရေးလုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ အချိန်ယူရပါလိမ့်မည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**

ဤနေရာတွင် အလျဉ်းသင့်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အရေးပေါ်တုံ့ပြန်မှု၊ ထူထောင်မှုနှင့် လှူဒါန်းမှုများကို ဖော်ပြလိုပါသည်။ ငလျင်လှုပ်ခတ်စဉ်က စာရေးသူသည် နေပြည်တော် နယ်စပ်ရေးရာဝန်ကြီးဌာန နတလ(ရုံးချုပ်)၌ ရှိနေခဲ့သည်။ ငလျင်လှုပ်ခတ်နေစဉ် ဝန်ထမ်းများအား အန္တရာယ်ကင်းစေရန် သတိပေးရင်း ဦးခေါင်းဒဏ်ရာရခဲ့ပါသည်။ ထိုဒဏ်ရာနှင့်ပင် ငလျင်တုံ့ပြန်ရေး၊ ထူထောင်ရေးလုပ်ငန်းများအပြင် ပေးအပ်သောတာဝန်များကို အားအင်အပြည့်ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်မှာ အမှတ်တရပင်။

ငလျင်လှုပ်ပြီး နာရီပိုင်းအတွင်းမှစတင်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် မိမိဝန်ထမ်းများနှင့် ဆုံးရှုံးခဲ့ရသော မိသားစုဝင်များအတွက် အရေးပေါ်ကိစ္စရပ်များကို အမြန်ဆုံးစီမံခန့်ခွဲပေးနိုင်ခဲ့သည်။ ပြိုကျသည့်ဝန်ထမ်းများနေထိုင်သောတိုက်များရှိရာ မြေပြင်သို့ အမြန်ဆုံးရောက်အောင်သွားခဲ့ကြသည်။ တိုက်ပိ၊ တိုက်ပြိုကျသော မိသားစုများအား ကယ်ထုတ်ရေးလုပ်ငန်းများကို ချက်ချင်းကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကွယ်လွန်သူမိသားစုများကို နှစ်သိမ့်အားပေးကူညီသည်။ ဝန်ထမ်းများ စားသောက်ရေး၊ နေထိုင်ရေးအတွက် အရေးပေါ်စီစဉ်ပေးခဲ့သည်။ ဝန်ထမ်းများနှင့်အတူ ထမင်းထုပ်မျှဝေ၍ လက်ရည်တစ်ပြင်တည်း အတူစားခဲ့ကြသည်။ နေ့စဉ်လိုလို မိသားစုဝင်များရှိရာ Camp များ၌ ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆုံးရှုံးမှုများနှင့် လိုအပ်ချက်များကို အသေးစိတ်မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

သင်္ကြန်ကာလပြီးလျှင် မိုးကျတော့မည်ဖြစ်သဖြင့် ယာယီဘာရှာအဆောက်အအုံများကို အချိန်မဆိုင်းဘဲ အင်ဂျင်နီယာဌာနအား တာဝန်ပေး စတင်ဆောက်လုပ်စေခဲ့သည်။ ပြောင်းရွှေ့နေထိုင်မှု၊ စားသောက်မှု၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ အိမ်သာများ၊ စွန့်ပစ်ပစ္စည်းများအတွက် အမှိုက်ကန်များ စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့် ငလျင်လှုပ်ပြီး နှစ်လအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ အရာထမ်း/ အမှုထမ်းမိသားစုဝင်များအား ပတ္တမြားအိမ်ရာနှင့် ကျောက်စိမ်းအိမ်ရာများတွင် စနစ်တကျ နေရာချထားပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ် မေလကုန်တွင် သန့်ရှင်းသပ်ရပ်သော အမိုးအကာအောက် လုံလုံခြုံခြုံရောက်ရှိခဲ့လေပြီ။ ဝန်ထမ်းမိသားစုများ အားလုံး၏ စိတ်နှလုံးကို အေးချမ်းစေခဲ့ပါသည်။

ထို့ကြောင့် ငလျင်ကာလအတွင်းမှာပင် ဝန်ကြီးဌာန၏ **"နယ်စပ်ဒေသတွင် လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရမည်/နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရမည်"** ဟူသည့် မူရင်းလုပ်ငန်းတာဝန်များအား လစ်ဟင်းမှုမရှိ ပျော်ရွှင်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မဏ္ဍိုင်ကြီး ၃ ရပ်**

၃၀-၅-၂၀၂၅ ရက်နေ့က ပြုလုပ်ခဲ့သော **"ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်သုံးသပ်ဆွေးနွေးပွဲ"** (Rebuilding Myanmar: post earthquake economic recovery) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက လမ်းပြမြေပုံတစ်ခု အုတ်မြစ်ချပေးခဲ့သည်။ ဆောင်ရွက်သင့်သည့် မဟာဗျူဟာမြောက် မဏ္ဍိုင်ကြီးသုံးရပ် ဖြစ်ပါသည်။

ပထမမဏ္ဍိုင်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများနှင့် လူမှုကာကွယ်ရေး (Humanitarian relief and social protection)၊ ဒုတိယမဏ္ဍိုင်မှာ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် စီးပွားရေးပြန်လည်ရှင်သန်ခြင်း (Infrastructure reconstruction and economic revival) နှင့် တတိယမဏ္ဍိုင်အဖြစ် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ (Reform anchored in resilience and inclusivity) စသည်တို့ ဖြစ်ပါသည်။

ပထမမဏ္ဍိုင်နှင့်ပတ်သက်၍ ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဒုတိယမဏ္ဍိုင်နှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင် ပြန်လည်တည်ဆောက်နိုင်ရေး လမ်းညွှန်ခဲ့ပါသည်။

ယခုဆိုလျှင် ငလျင်ဖြစ်ရပ်ဆိုး ဖြစ်ခဲ့သည်မှာ ခုနစ်လတာကာလခရီး ရောက်ခဲ့ပါပြီ။ နိုင်ငံတော်သည် မိုးကာလအတွင်းမှာပင် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ရပ်တန့်မနေခဲ့။ တာဝန်ရှိသူများကလည်း ငလျင်ဒဏ်ခံရသော ဒေသများသို့ အကြိမ်ကြိမ်ရောက်ခဲ့သည်။ ထိုခရီးတွင် ပျက်စီးနေသောလမ်းများ၊ တံတားများကို ပြန်လည်ဖောက်လုပ်မွမ်းမံပြီး လိုအပ်သည့် ကိစ္စရပ်မှန်သမျှ ဖြည့်ဆည်းပေးခဲ့သည်။ ပြိုလဲသွားသော နေအိမ်နေရာများတွင် အခန်းများ ပြန်လည်ထူထောင်နေကြသည်ကို တွေ့မြင်နေရသည်။ စီးပွားရေးလုပ်ငန်းများပြန်လည် လည်ပတ်နေပေပြီ။ စာသင်ကျောင်းများကိုလည်း ပြန်လည်ပြုပြင်ပြီးဖြစ်သဖြင့် ကလေးငယ်များ၏ ရယ်မောသံများ၊ စာအံသံများ ပြန်လည်ကြားနေရပေပြီ။

ယခု အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆိုသည်မှာ မိုးနှောင်းကာလ၏ လန်းဆန်းမှုနှင့် ဆောင်းကြိုကာလ၏ အေးမြမှုတို့ ရောယှက်ခံစားရသည့် ပွင့်လင်းရာသီပင်ဖြစ်သည်။ ပွင့်လင်းရာသီတွင် ထူထောင်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးနှင့် ပြန်လည်ရှင်သန်ရေးလုပ်ငန်းများကို ပို၍ လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ပေတော့မည်။

**ချစ်သော ကမ္ဘာမြေ**

**ကမ္ဘာဦးကာလမှစ၍ ကမ္ဘာမြေပေါ်တွင် လူသားတို့ နေထိုင်ခဲ့ကြ၏။ ခေတ်အဆက်ဆက် ကျွန်ုပ်တို့၏ စားစရာအတွက် ကမ္ဘာမြေကို ထွန်ယက်စိုက်ပျိုးခဲ့၏။ နေစရာအတွက် ကမ္ဘာမြေကို ခုတ်ထွင်ရှင်းလင်းခဲ့၏။ ဝတ်စရာအတွက်လည်း ကမ္ဘာမြေကို အသုံးပြုခဲ့၏။ ကျန်းမာရေးအတွက် ဆေးဝါးခါတ်စာဖြစ်သော ကမ္ဘာမြေမှ သစ်ဥသစ်ဖုများကို တူးဆွခဲ့ကြ၏။ တိရစ္ဆာန်များသည်လည်း ကမ္ဘာမြေကို အမှီပြုကာ နေထိုင်ကြ၏။ ကမ္ဘာမြေကား ကျွန်ုပ်တို့ကို ပေးမြဲပေးလျက်၊ ကျွေးမြဲ ကျွေးလျက်ရှိချေ၏။ အပြုံးမပျက်ခဲ့။ ထို့ကြောင့် ကမ္ဘာမြေကြီးကို မပျက်စီးစေရန်၊ ထိန်းသိမ်းရန် လူသားအားလုံး၌ တာဝန်ရှိပါသည်။**

ကမ္ဘာမြေကြီးနှင့် လူသားဘဝတို့သည် ထာဝရဖြစ်တည်နေပါလိမ့်မည်။ ငလျင်ဆိုသည်မှာကား တဒင်္ဂမျှသာလျှင်ဖြစ်ပေ၏။ ထာဝရဆိုသော်လည်း တည်တံ့ခိုင်မြဲခြင်းနှင့် မပြောင်းလဲခြင်းကို ဆိုလိုသည်မဟုတ်။ ထာဝရသည် ပြောင်းလဲနေခြင်းနှင့် တကယ့်တည်တံ့မှုတို့၏ ပေါင်းစပ်မှုတစ်ခု ဖြစ်ပါသည်။

**ရွှေရောင်အနာဂတ်**

မန္တလေးငလျင်ကြီးက ဝမ်းနည်းခြင်း၊ ဆုံးရှုံးခြင်းများ ယူဆောင်လာသည်မှာ အမှန်ပင်။ သို့သော် ပြည်သူအားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုနှင့် နိုင်ငံတော်၏ မေတ္တာ၊ စေတနာ၊ ကရုဏာတရားတို့ ပိုမိုတောက်ပြောင်စေသည့် အဖြစ်အပျက်မှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်လေသည်။

**လှုပ်ရှားမှုတိုင်းတွင် လူသားတို့၏ အရှုံးမပေးသော စိတ်ဓာတ်၊ စုပေါင်းညီညွတ်မှု၏ အင်အားနှင့် မျှော်လင့်ချက်အလင်းရောင်တို့က ထင်ဟပ်နေပါသည်။ ဤသည်မှာ မည်သို့ပင် ကြီးမားသော ဘေးဒုက္ခနှင့် ကြုံတွေ့ပါစေ လူသားတို့သည် ပြန်လည်ထကြွ ရှင်သန်နိုင်စွမ်းရှိကြောင်း ထင်ရှားသည့် သက်သေပင်ဖြစ်ပါသည်။ ပြိုလဲသွားသော အုတ်တစ်ချပ်ချင်းစီကို ပြန်လည်တည့်မတ်နေကြသော လက်များသည် နိုင်ငံချစ်စိတ် အခြေခံသော ပြည်သူတို့၏ ဇွဲ၊ ဝီရိယနှင့် နိုင်ငံတော်၏ မေတ္တာတို့ဖြင့် ပြည့်နှက်နေပါသည်။**

ပြန်လည်တည်ဆောက်ရေး ခရီးလမ်းသည် ရှည်လျားဦးမည်ဖြစ်သော်လည်း ယခု ခုနစ်လအတွင်း ရရှိခဲ့သည့် တိုးတက်မှုများမှသည် အနာဂတ်အတွက် ယုံကြည်ချက်နှင့် မျှော်လင့်ချက်အစစ်များကို ပေးစွမ်းနိုင်ခဲ့ပါသည်။ ပိုမိုရှင်သန်လှပသော ရွှေရောင်အနာဂတ်ကို ပိုင်ဆိုင်ကြရမည်မှာ မလွဲဧကန်ဖြစ်မည်ဟု ယုံကြည်မိပါတော့သည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပနေသည့် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာ ၂၈ ရက်တွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့နှင့်လည်းကောင်း၊ ယနေ့တွင် ဘယ်လာရုစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင်ရှုဇင်ကော့ဗ်နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်းတွင်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် ဒူးမားလွှတ်တော်တို့မှ လေ့လာသူများ စေလွှတ်သွားရန်ရှိကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံ နိုင်ငံသားများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် ၂၀၂၅-၂၀၂၇ ခုနှစ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင်ရှုဇင်ကော့ဗ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင် ရှုဇင်ကော့ဗ်နှင့်တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် တွေ့ဆုံပြီး မိမိတို့နေထိုင်သည့် ပတ်ဝန်းကျင်၏ ဘာသာစကား လေ့လာသင်ကြားရန်လိုကြောင်း၊ AI အပါအဝင် ခေတ်မီနည်းပညာများကို လေ့လာသင်ယူပြီး ရုံးလုပ်ငန်းတာဝန်များကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံကို ကိုယ်စားပြုသူများဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားရန် လိုကြောင်း၊ သံတမန်ဆိုသည်မှာ ရန်သူကိုပင် မိတ်ဆွေဖြစ်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိတ်ဆွေဖြစ်ပြီးသူများနှင့် နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း အိန္ဒိယရေကြောင်းဆိုင်ရာ ရက်သတ္တပတ်-၂၀၂၅ အခမ်းအနား တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၉

**အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့က အိန္ဒိယနိုင်ငံ၊ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီး Shri Sahntanu Thakur နှင့်အတူ ဂျာဝါဟာနေဟူဆိပ်ကမ်း အာဏာပိုင်ကကျင်းပသည့် ကုန်ပစ္စည်းများ ဖြန့်ဝေမှုကွင်းဆက်ခိုင်မာအောင် တည်ဆောက်ခြင်း (Fortifying Global Supply Chains) အခမ်းအနားကို တက်ရောက်ကြသည်။**






အဆိုပါအခမ်းအနားကို ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုဗဟိုချက်အဖြစ် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက်ရပ်တည်ချက်တွင် ခိုင်မြဲစေရန်၊ ရေကြောင်းကုန်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ အားကောင်းစေရန်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချောမွေ့စေရန်နှင့် ဘက်စုံကဏ္ဍချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် အိန္ဒိယရေကြောင်းဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော "Logistics Reinvented" သည် ဆွေးနွေးရန်အတွက်သာမဟုတ်ဘဲ မရှိမဖြစ်လိုအပ်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ခိုင်မာမှုရှိသော ထောက်ပံ့ရေးကွင်းဆက်များ တည်ဆောက်ခြင်းသည် သက်ဆိုင်ရာနိုင်ငံနှင့် ဒေသတွင်း စီးပွားရေးတိုးတက်သာယာဝပြောမှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများ အတွက် ဆက်သွယ်မှုဗဟိုချက်နေရာတွင် တည်ရှိနေပါကြောင်း၊ အနောက်ဘက်တွင် အိန္ဒိယ၏ ရှည်လျားသော ကမ်းရိုးတန်းတည်ရှိနေပြီး အရှေ့ဘက်အာဆီယံနိုင်ငံများအတွက် ရေကြောင်းကုန်သွယ်မှု တံခါးပေါက်အဖြစ် တည်ရှိနေပါကြောင်း၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တစ်လျှောက် ရှည်လျားသော ကမ်းရိုးတန်းရှိနေခြင်းကြောင့် ဒေသဆိုင်ရာ ဆက်သွယ်မှုကွင်းဆက်တွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခု ဖြစ်နေပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းနှင့် ASEAN နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ဈေးကွက်များကြားတွင် သယ်ယူပို့ဆောင်ရေးအတွက် အချိန်နှင့် ကုန်ကျစရိတ်များကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

**စီးပွားရေးစင်္ကြံအသစ်တစ်ခု**

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ အကောင်အထည်ဖော် လျက်ရှိသော စစ်တွေဆိပ်ကမ်းနှင့် ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ဆိပ်ကမ်းများကိုမြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ ကုန်းတွင်းပိတ် အရှေ့မြောက်ပြည်နယ်များနှင့် ချိတ်ဆက်ပေးသည့် လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် စစ်တွေမြို့သည် အဓိကပင်လယ်ရေကြောင်း ဝင်ပေါက်အဖြစ် စီးပွားရေးစင်္ကြံအသစ်တစ်ခု ဖြစ်ပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းသည် အိန္ဒိယမှ အာဆီယံဗဟိုသို့ တိုက်ရိုက်ဆက်သွယ်နိုင်သော ကုန်းလမ်းကြောင်း တစ်ခုဖြစ်ပါကြောင်း၊ အနာဂတ်တွင်ပြည်တွင်း ထောက်ပံ့ပို့ဆောင်ရေး ခေတ်မီရေးနှင့် ဆိပ်ကမ်းများ ခေတ်မီရေးတို့ကို ဆောင်ရွက်ခြင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး အတွက် Single Window စနစ်များနှင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အကောင်အထည်ဖော်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြေခံ အဆောက်အအုံကဏ္ဍများတွင် ပုဂ္ဂလိက ကဏ္ဍများပါဝင်စေရန် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ဖြတ်သန်းသွားရုံသာမကဘဲ ထိရောက်၍ ကုန်ကျစရိတ်သက်သာစေပြီး အကျိုးပြုသည့် ထောက်ပံ့ပို့ဆောင်ရေးဂေဟစနစ်တစ်ခု ဖန်တီးရန် လူသားအရင်းအမြစ် ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာလွှဲပြောင်းမှုကဏ္ဍတွင် အတူတကွပူးပေါင်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အိန္ဒိယနိုင်ငံ ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံ၊ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်း ဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၏ MOU လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**တွေ့ဆုံဆွေးနွေး**

အခမ်းအနား အပြီးတွင် အိန္ဒိယနိုင်ငံ၊ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြီး နှစ်နိုင်ငံ ကမ်းရိုးတန်းသွားသင်္ဘောများဆိုင်ရာ သဘောတူစာချုပ်နှင့် အဆိုပါ သဘောတူစာချုပ်၏ စံပြုလုပ်ငန်းစဉ်များ၊ သင်္ဘောသားများ၏ လေ့ကျင့်ခြင်းနှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း နားလည်မှုစာချွန်လွှာ၊ သင်္ဘောသားများအတွက် သဏ္ဌာန်တူသရုပ်ပြ အခြေခံလေ့ကျင့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စာမေးပွဲစနစ်၊ သင်္ဘောများကို တာဝေးမှ ခြေရာခံ၍ ထောက်လှမ်းကြည့်ရှုခြင်းစနစ်နှင့် အိန္ဒိယနိုင်ငံသို့ဝင်ရောက်မည့် မြန်မာမှတ်ပုံတင် သင်္ဘောများအတွက် အကာအကွယ်ပေးရေးနှင့် လျော်ကြေးဆိုင်ရာ အာမခံကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းကို ထပ်မံကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီ ဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်းသည် ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို အများအပြား အပြောင်းအလဲပြုလုပ်ကာ ဂရင်စဘီအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပွဲစပိုင်းကတည်းက ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်သည့် ဘရန့်ဖို့ဒ်အသင်းသည် ဂျန်ဆင်၊ ပေါ်တာ၊ နယ်ဆင်တို့၏ သွင်းဂိုးများဖြင့် ဂရင်စဘီအသင်းကို ပထမပိုင်းတွင် သုံးဂိုးပြတ်ဦးဆောင်ထားနိုင်သည်။ ဂရင်စဘီအသင်းသည် သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရသော်လည်း ကစားအားတက်လာခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ခက်ခက်ခဲခဲ ခုခံကာကွယ်ခဲ့ရသည်။ ဒုတိယပိုင်းတွင်လည်း ဘရန့်ဖို့ဒ်အသင်းကသာ ပွဲကိုထိန်းချုပ်ကစားထားနိုင်ပြီး သွင်းဂိုးများ ထပ်မံရယူကာ အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ အခြားပွဲစဉ်ရလဒ်များတွင် ဖူလ်ဟမ်အသင်းက လိဂ်ဝမ်းကလပ် ဝိုင်ကမ်ဘီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ထို့ပြင် ချန်ပီယံရှစ်ကလပ် ဝရက်ဇ်ဟမ်နှင့် လိဂ်ဝမ်းကလပ်ကာ ဒစ်ဖ်အသင်းပွဲစဉ်တွင် ကာဒစ်ဖ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝါဝါမောင် မြန်မာ - ကိုရီးယား စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝါဝါမောင်သည် ကိုရီးယားနိုင်ငံအခြေစိုက် မြန်မာ-ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ Mr. Choi Shin-iL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁ ) နေပြည်တော်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းတံတား၊ လျှပ်စစ်မီး စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုရီးယားနိုင်ငံမှ ODA ချေးငွေနှင့် အကူအညီအထောက်အပံ့များ ရရှိခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ ဆယ်မားအူးလ်အွန်ဒုန် (Saemaul Undong) စံပြကျေးရွာဖွံ့ဖြိုးမှု စီမံကိန်းသည် မိမိတို့နိုင်ငံအတွက် လိုက်ပါဆောင်ရွက်နိုင်သည့် ပုံစံကောင်းတစ်ခုဖြစ်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိတ်ဆွေဟောင်းနိုင်ငံများနှင့်သာမက မိတ်ဆွေသစ်နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် ၆ နှင့် ကုန်သွယ်မှုတွင် အဆင့် ၉ နေရာတွင်ရှိပါကြောင်း၊ ခရီးစဉ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် CMP အထည်ချုပ်လုပ်ငန်းများတွင် ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများရှိနေသဖြင့် ကိုရီးယားလုပ်ငန်းရှင်များ အသိုင်းအဝိုင်းလည်း ခိုင်မာစွာ တည်ရှိနေပြီဖြစ်ပါကြောင်း၊ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုအသစ်များကိုလည်း ဖိတ်ခေါ်ပါကြောင်းနှင့် မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်ပေါ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာ - ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Choi Shin-iL က ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရန် စိတ်ဝင်စားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိမည့်အကျိုးကျေးဇူးများနှင့် ဥပဒေ၊ နည်းဥပဒေအရ ကူညီပံ့ပိုးပေးမည့် အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း စိတ်ဝင်စားပါကြောင်းနှင့် မကြာမီကာလတွင် ကိုရီးယားနိုင်ငံမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ အပါအဝင် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

မြန်မာ- ကိုရီးယား စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ သုတေသနအဖွဲ့အစည်းတွင် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်း၊ Digital X-Ray Detector ထုတ်လုပ်သည့်လုပ်ငန်း၊ စက်ရုံသုံး ပန်ကာများထုတ်လုပ်သည့်လုပ်ငန်း၊ ဗို့အားမြင့်ပါဝါ ဝိုင်ယာကြိုးထုတ်လုပ်သည့်လုပ်ငန်း၊ ဆက်သွယ်ရေးကိရိယာနှင့် ကွန်ရက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ Screen-Golf လုပ်ငန်းနှင့် ဘိလပ်မြေထုတ်လုပ်သည့်လုပ်ငန်း စသည့် ကဏ္ဍများမှ ကုမ္ပဏီကိုယ်စားလှယ်များပါဝင် တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ***ကျောဖုံးမှ***

အကြိုဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများ လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရန်ကုန်ဇုန် (က) အသင်းနှင့် ရန်ကုန်ဇုန်(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရန်ကုန်ဇုန်(က)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁) တွင် အုပ်စု(က)မှ အုပ်စုဒုတိယဖြစ်သည့် မန္တလေးဇုန်(ခ)အသင်းနှင့် အုပ်စု(ခ)မှ အုပ်စုပထမဖြစ်သည့် မန္တလေးဇုန်(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အနိုင်ရရှိသည့် အသင်းက ဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ဗဟိုအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နေပြည်တော်တွင် အားကစားသမားများ၊ အုပ်ချုပ်၊ နည်းပြ စုစုပေါင်း ၁၂၅ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခု ပြိုင်ပွဲများမှတစ်ဆင့် ထူးချွန်ထက်မြက်သော အားကစားသမားများကို ပညာရေးဝန်ကြီးဌာန လက်ရွေးစင်အဖြစ် ရွေးချယ်ပြီး အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတို့တွင် ဆက်လက် ယှဉ်ပြိုင်နိုင်ရေး ရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်သည်။





ပညာရေးဒီဂရီကောလိပ်များသည် လေးနှစ်သင် သင်တန်းဖြစ်သည့်အတွက် ကျောင်းသားကျောင်းသူများအား အားကစားထူးချွန်စေရန် စနစ်တကျလေ့ကျင့်ပျိုးထောင်သည့် အခွင့်အလမ်းရှိပြီး ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများကို လေ့ကျင့်ပြုစုပျိုးထောင်၍ မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ရော၀တီတံတား(ရတနာသိင်္ခ)ကို တွေ့ရစဉ်။

◆ ***ကျောဖုံးမှ***

RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာ ဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီး လုပ်ရပ်များကြောင့် ယခုအခါ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်လျက်ရှိကြောင်း သိရှိရသည်။

ရော၀တီတံတား (ရတနာသိင်္ခ)သည် တံတားအရှည်ပေ ၂၄၈၀ (သံကူကွန်ကရစ်တံတား)၊ တံတားအကျယ် ၂၅ ပေ၊ လူသွားလမ်း ဘယ်/ညာ ၃ ပေရှိပြီး တံတား ဆောက်လုပ်ရေးအထူးအဖွဲ့-၁၄ မှ ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၆ ရက်တွင် စီမံကိန်းစတင်ကာ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက ဒေသတွင်းကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လူအခွင့်အရေးများများစွာဆုံးရှုံးအောင် လုပ်ဆောင်နေကြသည့်အပေါ် ဒေသခံပြည်သူများက သိရှိနားလည်သဘောပေါက်လာကြပြီဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ရော၀တီတံတား (ရတနာသိင်္ခ) အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ရှုံ့ချမုန်းတီးစွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အဆိုပါတံတားအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တံတားဦးမြို့နယ်ရှိ အခြေခံပညာကျောင်း ၁၂၁ ကျောင်းရှိ KG တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**တံတားဦး အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် ပညာသင်ယူနေသော KG တန်းမှ ကျောင်းသား ကျောင်းသူ ၂၁၀၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းတွင်းနေ့လယ်စာ တတိယအကြိမ် အာဟာရ ကျွေးမွေးခြင်းကို အောက်တိုဘာ ၂၈ ရက်က တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့မ အခြေခံပညာ အလယ်တန်းကျောင်းတို့တွင် ဆောင်ရွက်သည်။

အဆိုပါအာဟာရကျွေးမွေးရာတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကို၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဆေးရုံအုပ်ကြီးဒေါက်တာမြင့်ဦးနှင့် တာဝန်ရှိသူများက KG တန်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးကြသည်။ ထို့နောက် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တံတားဦးအခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ KG တန်းမှ ကျောင်းသား ကျောင်းသူ ၃၀ အား အစားအစာအမျိုးအမည် ငါးမျိုးတွင်ပါဝင်သည့် အစားအစာများအား အာဟာရကျွေးမွေးခြင်းကို လှည့်လည်ကြည့်ရှုအားပေးကြပြီး KGကလေးငယ်များအား သွားတိုက်ဆေး၊ သွားတိုက်တံများကို ထောက်ပံ့ပေးအပ်ကြသည်။



**မြို့နယ်(ပြန်/ဆက်)**

# တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ဦးဖြစ်ဖို့ ရွေးကောက်ပွဲမှာ မဲပေးပါ

***ကိုကိုအောင်***

❖ **ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံး အဆင့်ဆင့်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များအပါအဝင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်း ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟု ပြဋ္ဌာန်းထားသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနေသမျှကာလပတ်လုံး ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဟု မှတ်ယူရမည့် ရွေးကောက်ပွဲဖြစ်စဉ်ကို မလွဲမသွေဖြတ်သန်းကြရပေမည်။ "ရွေးကာက်ပွဲများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သည် ..... ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်..... ဒီမိုကရေစီ ဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်..... " ဟုလည်း ဆိုကြပေသည်။

မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ မိမိတို့ ကိုယ်စား နိုင်ငံပြုပုဂ္ဂိုလ်များဖြစ်ကြမည့် ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ကြရသည်။ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များက နိုင်ငံတော်၏ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး တို့ကို တည်ဆောက်ရင်း အပြန်အလှန်ထိန်းကျောင်းရင်းဖြင့် နိုင်ငံသားများထံမှ ဆင်းသက်လာသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာအရပ်ရပ်ကို နိုင်ငံသားများကိုယ်စား ကျင့်သုံးဖော်ဆောင်ကြရသည်။ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏အခြေခံအုတ်မြစ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးတို့အတွက်ပင် မဏ္ဍိုင်ဖြစ်သည်ဟု မှတ်ယူရပါမည်။

**နိုင်ငံသားတာဝန်နှင့် နိုင်ငံသားအခွင့်အရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် "**နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်**" ဟူ၍ ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့သော် နိုင်ငံသားအဖြစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်နှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်အတွက် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန် လိုအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးရန်တာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတာဝန်တစ်ရပ်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက်ပွဲတွင် မဲပေးကြရမည်ဖြစ်သည်။

**ဆန္ဒမဲပေးခွင့်ရှိသည့်မဲဆန္ဒရှင်**

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူကို ဆိုသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်းတွင် ပါဝင်သူများသည် ဆန္ဒမဲပေးခွင့်ရှိသည်။ အဆိုပါမဲဆန္ဒရှင်စာရင်း(မဲစာရင်း)ကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါအတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းပြုစုရပါမည်။

**ဆန္ဒမဲပေးခွင့်မရှိသူများ**

သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊ လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူများသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

**ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

**ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးအဆင့်ဆင့်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ သံရုံးအဖွဲ့ဝင်များနှင့်အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များအပါအဝင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေမိသားစုဝင်များ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေသော အတွင်းလူနာများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

မဲဆန္ဒနယ်အတွင်းရှိသော်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့မလာရောက်နိုင်သည့် အနာကြီးရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ အိုမင်းမစွမ်းသူ၊ သားဖွားနေသူ၊ ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူ၊ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူ၊ မဲစာရင်းပါရှိရာ ဒေသမှ ကျော်လွန်၍ ယာယီတာဝန် သွားရောက်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်း၊ တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်ပြီးဖြစ်သော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့် ရရှိစေရန် မဲစာရင်းထည့်သွင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားနိုင်ပါသည်။

**မဲဆန္ဒနယ်ပြောင်း၍ ဆန္ဒမဲပေးခြင်း**

မဲဆန္ဒရှင်သည် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒနယ်ပြောင်းရွှေ့၍ ဆန္ဒမဲပေးလိုပါက သတ်မှတ်ထားသည့်ပုံစံနှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်။

**မဲဆန္ဒရှင်စာရင်းပြင်ဆင်ခြင်း**

မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင် တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခွင့်မရှိပါ။ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း မရှိလျှင်လည်းကောင်း၊ မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသူတစ်ဦး၏ အမည်ပါဝင်နေကြောင်း ကန့်ကွက်လိုလျှင် လည်းကောင်း၊ မဲစာရင်းပါအချက်အလက်အချို့ကို ပြင်ဆင်လိုလျှင် လည်းကောင်း၊ သတ်မှတ်ထားချက်များနှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ အချိန်နှင့်တစ်ပြေးညီ လျှောက်ထားနိုင်သည်။

**မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေး**

လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။ လွတ်လပ်စွာ မိမိဆန္ဒနှင့်အညီ မဲပေးနိုင်သည်။ ကြိုတင်ဆန္ဒမဲပေးရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ဆန္ဒမဲမပေးတတ်လျှင် လည်းကောင်း၊ အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးရာတွင် မဲမပေးတတ်ပါကလည်းကောင်း မဲစာရင်း၌ ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦးအား မိမိညွှန်ကြားသည့်အတိုင်း လျှို့ဝှက်ဆန္ဒပြုစေနိုင်သည်။ ယင်းပုဂ္ဂိုလ်များမရှိခဲ့လျှင် မဲရုံတွင်ဆိုပါက မဲရုံမှူးအား အကူအညီတောင်းနိုင်သည်။

မသန်စွမ်းသူဖြစ်လျှင် မဲစာရင်း၌ ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင်ရွေးချယ်သူတစ်ဦးဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ရွေးကောက်ပွဲမကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပပြီးသည့်နေ့မှစ၍ ၁၅ ရက်အတွင်းသော်လည်းကောင်း ရွေးကောက်ပွဲ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်သေအထောက်အထားခိုင်လုံစွာဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းနိုင်သည်။

ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းမိတ္တူမှန်ကို တစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ ပေးဆောင်၍ ရယူခွင့်ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း လျှောက်ထားနိုင်ခွင့် ရှိပါသည်။

**မဲရုံသို့သွားကာမဲပေးကြပါစို့**

မိမိ၏ အမည်စာရင်းပါရှိသည့် သက်ဆိုင်ရာမဲရုံသို့ နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း ကိုယ်တိုင်သွားရောက်၍ မိမိကြိုက်နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးနိုင်ပါသည်။ မဲရုံတစ်ရုံစီ၌ ဆန္ဒမဲပေးရန် လျှို့ဝှက်ဆန္ဒပြုခန်းများ၊ အီလက်ထရောနစ်မဲပေးစက်များ၊ သက်ဆိုင်ရာ လွှတ်တော်မဲပုံးများ၊ ဘောလ်ပင်များ၊ လက်သန်းမင်တို့သည့် မင်များကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိပါသည်။

❑ **လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်ပြီးဖြစ်သော မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရန် မဲစာရင်းထည့်သွင်းခြင်းကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လျှောက်ထားနိုင်ပါသည်**

*စာမျက်နှာ ၁၁ သို့*

# သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြု ၁၇၄ ဦးကို ခန့်အပ်တာဝန်ပေး

**နေပြည်တော် အောက်တိုဘာ ၂၉** ကျန်းမာရေး ဝန်ကြီးဌာနမှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြုများ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေး ဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယခု အလုပ်ခန့်အပ် တာဝန်ပေးအပ်ခံရမည့် သူနာပြုဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့် ထမ်းရွက်ရာတွင် မိမိတို့ တာဝန်ကျရာ နေရာဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်ဖြစ်ပြီး အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့ သူနာပြုဆရာ ဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သည့်ခံယူချက်ရှိသည့် သူနာပြုဆရာ ဆရာမကောင်းများဖြစ်ကြစေလိုကြောင်း၊ မိမိတို့ သူနာပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်းတာဝန်များနှင့်အညီ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ စည်းကမ်းရှိရှိ ပြုမူနေထိုင်စေလိုပါကြောင်း၊ ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) အောင်မြင်သူ ၈၄ ဦးနှင့် သူနာပြုတက္ကသိုလ် (မန္တလေး)မှ သူနာပြု သိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၉၀ စုစုပေါင်း ၁၇၄ ဦး ကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာများပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာပေးအပ်ပွဲအပြီး သစ်လွင်သူနာပြုများကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စု



ဝန်ကြီးနှင့် ဧည့်သည်တော်များက သစ်လွင်သူနာပြုများနှင့်အတူ လန်းဆန်းစာများကို ရင်းနှီးချစ်ခင်စွာ အတူတကွသုံးဆောင်ကြသည်။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၃၂၈၇ ဦးတို့ကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အများပြည်သူလူထု ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် သာစည်-ရွှေညောင် လူစီးရထားအား တောင်ကြီးအထိပြေးဆွဲပေးမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တောင်ကြီး-ပေါမူ-တောင်ကြီး Sight Seeing ရထားများ ပြန်လည်ပြေးဆွဲပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၂၄ ခုနှစ် စက်တင်ဘာအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂီစူပါတိုင်ဖွန်းမုန်တိုင်း သဘာဝဘေးဒဏ်ရေကြီးရေလျှံမှုကြောင့် သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ ပျက်စီးခြင်း စသည်တို့ ကြုံတွေ့ခဲ့ရပြီး လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် သာစည်-ရွှေညောင် လမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှစ၍ အပတ်စဉ် အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်ရထားအား သောကြာနေ့နှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည်ရထားအား တနင်္လာနေ့များတွင် ပုံမှန် ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက်မှ စတင်၍ သာစည်မှ တောင်ကြီးအထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ အမှတ်(၁၄၁) အဆန်ရထားသည် သာစည်မှ နံနက် ၅ နာရီ ထွက်ခွာ၍ တောင်ကြီးသို့ ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် တောင်ကြီးမှ နံနက် ၆ နာရီ ထွက်ခွာ၍ သာစည်သို့ ည ၇ နာရီခွဲတွင် လည်းကောင်း ရောက်ရှိမည်ဖြစ်ပြီး ဘူတာစဉ်အလိုက် ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ် အစအဆုံးအတွက် လက်မှတ်ခအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၁၂၀၀၀၊ အထက်တန်းငွေကျပ် ၁၄၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းအတွင်း ရာဂီစူပါတိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အေးသာယာ-ပေါမူ-ထီးသိမ်ဘူတာအကြား ရထားလမ်းပိုင်းပြုပြင်ခြင်း၊ လမ်းအူကြောင်း အသစ်တည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့်ထီးသိမ်ရထားလမ်းအဝိုင်းပတ်တာပေါင်ပြုပြင်ခြင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ၂၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် ဝန်ချိန်ပြည့်ရထားစမ်းသပ်မောင်းနှင်ခြင်းကို ဆောင်ရွက်ခဲ့သည်။




ထိုသို့ ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့မှုကြောင့် တောင်ကြီးမြို့၏ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ကျင်းပမည့်ကာလအတွင်း ပြည်တွင်း / ပြည်ပမှ ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ၊ ပေါမူ-တောင်ကြီး Sight Seeing ရထားခရီးစဉ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး တောင်ကြီး-ပေါမူခရီးစဉ်ကိုလည်း ယခင်အတိုင်း အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့် ကြာမြင့်မည်ဖြစ်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ ပေါမူဘူတာသို့ ရောက်ရှိချိန်တွင် ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါရထားသည် ပေါမူဘူတာမှ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီ ခွဲတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ပြေးဆွဲမည့်ရထားတွဲဆိုင်းကို မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း တစ်တွဲ၊ ရိုးရိုးတန်းသုံးတွဲနှင့်ရထားထိန်းတွဲတစ်တွဲဖြင့် ပြေးဆွဲသွားမည်ဖြစ်ကာ တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားအနေဖြင့် အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများသည် တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယ ဘဝသံသရာတံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီးသိမ်ဘူတာသို့ ရထားဆိုက်ရောက်ရပ်နားချိန် မိနစ် ၃၀ အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီးသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီးသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများစသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ဖြင့် စိတ်လက်အေးချမ်းပျော်ရွှင်မှုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

မဲရုံတွင်မဲပေးရာတွင် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပါ

ရွေးကောက်ပွဲတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ရန် အားပေးကူညီခြင်း မပြုလုပ်ရပါ။ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း သို့မဟုတ် ဖတ်ရှု၍မရစေရန် ပြုလုပ်ခြင်းတို့ မပြုလုပ်ရပါ။ အီလက်ထရောနစ် မဲပေးစက်များအား တမင်ကြံရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း မပြုလုပ်ရပါ။ ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူတစ်ဦးအား ပေးခြင်းမပြုလုပ်ရပါ၊ ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း၊ မဲပုံးကို အခွင့်မရှိဘဲ ယူဆောင်သွားခြင်း၊ မဲလက်မှတ်ကို ဖျက်ဆီးခြင်းမပြုလုပ်ရပါ။

မဲဆန္ဒနယ် တစ်နယ်ထက် ပိုမဲပေးခြင်း၊ လွှတ်တော် မဲဆန္ဒနယ်တွင် တစ်ကြိမ်ထက် ပိုမဲပေးခြင်း မပြုလုပ်ရပါ၊ သူတစ်ပါးအယောင်ဆောင်၍ မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပစဉ် မဲရုံအတွင်းသို့ အခွင့်မရှိဝင်ရောက်ခြင်းမပြုလုပ်ရပါ၊ အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုလုပ်ရပါ၊ ဆန္ဒမဲပေးသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများ စိတ်ငြိုငြင်စေရန် သို့မဟုတ် မဲရုံတွင် တာဝန်ကျသောမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောင့်အယှက်ဖြစ်စေရန် မဲရုံအတွင်း၌ဖြစ်စေ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ဖြစ်စေ အသံချဲ့စက်အစရှိသော အသံကိုကျယ်အောင်ပြုလုပ်သည့် ကိရိယာတန်ဆာပလာသုံးစွဲခြင်း၊ အော်ဟစ်ခြင်းမပြုလုပ်ရပါ။ မဲရုံမှူး သို့မဟုတ် တာဝန်ကျရဲတပ်ဖွဲ့ဝင် သို့မဟုတ် လုံခြုံရေးတာဝန်ရှိသူ၏ ဆောင်ရွက်ပြောကြားချက်များကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိစေရန်နှင့် ဥပဒေနှင့်အညီ မဲပေးနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအနေဖြင့်လည်း ဥပဒေအား လိုက်နာဆောင်ရွက်၍ စနစ်တကျမဲပေးကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် မိမိတို့တိုင်းပြည်ကို မိမိတို့လက်ဖြင့် တည်ဆောက်ဖို့ မဲရုံသို့သွားကာ မဲပေးကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

# စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများသို့ အသိပေးကြေညာချက်

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းမှထုတ်ယူရရှိသည့် ရေနံစိမ်းများအား ဌာနကြီးကြပ်မှုအောက်ရှိ ရေနံချက်စက်ရုံများတွင် ချက်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ နိုင်ငံအတွင်း လိုအပ်ချက်၏ ၃ ရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ထပ်မံလိုအပ်သည့် စက်သုံးဆီအများစုကို နိုင်ငံခြားငွေဖြင့် ပြည်ပမှဝယ်ယူတင်သွင်းရလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံအတွက်လိုအပ်သည့် စက်သုံးဆီများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးအတွက် ရေနံရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ခြင်း၊ ရေနံချက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အစီအမံများ ချမှတ်၍ အပိုင်းလိုက် အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်နေသည့် ကာလများအတွင်း စက်သုံးဆီများကို ပြည်ပမှဝယ်ယူတင်သွင်း အသုံးပြုရာ၌ အများပြည်သူသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်မှရာခိုင်နှုန်းတစ်ခု စိုက်ထုတ်ကျခံ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီဈေးနှုန်းများသည် ဒေသတွင်း အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အထိုက်အလျောက် သက်သာမှုရှိသည်ကို တွေ့မြင်နိုင်သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ပြည်သူလူထုသက်သာချောင်ချိရေးအတွက် စိုက်ထုတ် ဆောင်ရွက်ပေးမှုများအား ပြည်သူလူထုမှ အမှန်တကယ် အကျိုးခံစားခွင့်ရရှိစေရေး၊ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိရေးနှင့် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရေးတို့အတွက် ကြီးကြပ်ရန်တာဝန်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်။

သို့ဖြစ်ရာ ရေနံထွက်ပစ္စည်းဆိုင်ရာ ဖြည့်ဆည်းမှုကွင်းဆက်

**အာဆီယံ ၁၀ နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများအခြေအနေ (၂၉-၁၀-၂၀၂၅)**

| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ (USD/Litre) | ဓာတ်ဆီ (USD/Gallon) | ဓာတ်ဆီ (MMK/Litre) |
|---|---|---|---|---|
| ၁ | Brunei | 0.409 | 1.859 | 1662.254 |
| ၂ | Malaysia | 0.619 | 2.814 | 2515.734 |
| ၃ | Vietnam | 0.766 | 3.482 | 3113.170 |
| ၄ | Indonesia | 0.777 | 3.532 | 3157.876 |
| ၅ | Myanmar | 0.883 | 4.014 | 3588.680 |
| ၆ | Philippines | 1.014 | 4.610 | 4121.089 |
| ၇ | Cambodia | 1.118 | 5.082 | 4543.764 |
| ၈ | Thailand | 1.320 | 6.001 | 5364.731 |
| ၉ | Laos | 1.321 | 6.005 | 5368.795 |
| ၁၀ | Singapore | 2.115 | 9.615 | 8595.762 |

| စဉ် | နိုင်ငံအမည် | ဒီဇယ်ဆီ (USD/Litre) | ဒီဇယ်ဆီ (USD/Gallon) | ဒီဇယ်ဆီ (MMK/Litre) |
|---|---|---|---|---|
| ၁ | Brunei | 0.239 | 1.086 | 971.341 |
| ၂ | Vietnam | 0.686 | 3.119 | 2788.034 |
| ၃ | Malaysia | 0.689 | 3.132 | 2800.227 |
| ၄ | Myanmar | 0.786 | 3.573 | 3194.453 |
| ၅ | Indonesia | 0.860 | 3.910 | 3495.203 |
| ၆ | Laos | 0.891 | 4.050 | 3621.193 |
| ၇ | Philippines | 0.939 | 4.269 | 3816.274 |
| ၈ | Cambodia | 0.944 | 4.291 | 3836.595 |
| ၉ | Thailand | 0.961 | 4.369 | 3905.687 |
| ၁၀ | Singapore | 1.900 | 8.637 | 7721.961 |

Source: Brunei နိုင်ငံအတွက် Ministry of Foreign Affairs မှလည်းကောင်း၊ မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံများအတွက် www.globalpetrolprices.com မှလည်းကောင်း စုစည်းရယူထားပါသည်။

(Petroleum Products Supply Chain)အတွင်း စက်သုံးဆီတင်သွင်းမှု၊ သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်မှုမှသည် End User များသို့ ဖြန့်ဖြူးမှုအခြေအနေများအား လေ့လာစောင့်ကြည့်ထိန်းသိမ်းနိုင်ရေး၊ ရေနံထွက်ပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်မှုရှိ မရှိ စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်သုံးဆီဖူလုံမှုရှိစေရေး သိုလှောင်ထားရှိမှု (Stockpiling) အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ (Real Time) စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် National Petroleum Laboratory & Online Monitoring Center ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများအတွက် အကျပ်အတည်းမဖြစ်စေရန် စီမံကိန်းအား အဆင့်လိုက် အကောင်အထည်ဖော် လိုက်ပါဆောင်ရွက်စေခြင်း၊ အချို့ကိစ္စရပ်များအား ဖြေလျှော့ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အဆိုပါ National Petroleum Laboratory & Online Monitoring Center ကို ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး စက်သုံးဆီတင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးကြေညာအပ်သည်။

**စွမ်းအင်ဝန်ကြီးဌာန**

## ဆန်စပါး သိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန်(၂၅) တန်နှင့်အထက် (သို့မဟုတ်) စပါးတင်း (၂,၅၀၀) နှင့်အထက် သိုလှောင်ထားရှိသော ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များသည် မြန်မာဆန်စပါးအွန်လိုင်း (MyRO) www.myro.com.mm တွင် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင် လက်မှတ် လျှောက်ထားရယူရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ၂၄-၁၀-၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ်(၈၂/ ၂၀၂၄) ကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မပျက်မကွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ မြန်မာဆန်စပါးအွန်လိုင်း (MyRO) စနစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော သိုလှောင်ရုံများအနေဖြင့်လည်း လစဉ်လဆန်း (၁) ရက်နေ့မှ (၇) ရက်နေ့အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းများကို MyRO Website ရှိ မိမိ၏ Account တွင် မပျက်မကွက် စာရင်းထည့်သွင်းပေးရန်၊ ပြည့်စုံမှန်ကန်သော အချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံ၍ ထည့်သွင်းပေးရန်နှင့် အခါအားလျော်စွာ လာရောက်စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အထက်အပိုဒ် (၁) ပါအတိုင်း သိုလှောင်ရုံ မှတ်ပုံတင်လက်မှတ်လျှောက်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အပိုဒ် (၂) ပါ လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန်စာရင်းအား ပြည့်စုံမှန်ကန်စွာ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၈၂/ ၂၀၂၄) ပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူခြင်း၊ သို့မဟုတ် မှတ်ပုံတင် လက်မှတ်ပယ်ဖျက်ခြင်း၊ သို့မဟုတ် နည်းလမ်းနှစ်ရပ်စလုံးဖြင့် အရေးယူခြင်းကို ဆောင်ရွက်နိုင်ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် သိရှိလိုသည်များရှိပါက www.myro.com.mm တွင် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံးတွင်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## မြစ်သားမြို့နယ်၌ တိုင်းရင်းဆေးကုဌာနမှ နယ်လှည့်ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်



**မြစ်သား အောက်တိုဘာ ၂၉**

မြစ်သားမြို့နယ် ဘူတာရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးကုဌာနမှ နယ်လှည့် ကွင်းဆင်းကျန်းမာရေး စောင့်ရှောက်ပေးမှုကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကုသပေးခဲ့သည်။

ဦးစွာ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် မိုးရာသီတွင် အဓိက ဖြစ်ပွားတတ်သော နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား ကျောင်းသူ ၁၁၇ ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



## ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာ၌ စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၂၇ ဒသမ ၅၀ တင်းနှုန်းထွက်ရှိ

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာ ကွင်းအမှတ်-၆၃၀န၊ ဦးပိုင်အမှတ်-၅၊ စိုက်ဧက ၃ ဒသမ ၁၀ ဧကရှိ တောင်သူဦးညီညီအောင်၏ အောင်နိုင်တိုးစပါးစိုက်ကွက်အား အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲပြုလုပ်သည်။

အခမ်းအနားသို့ ပဲခူးခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် မြို့နယ်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး အဆိုပါစိုက်ကွက်ကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်းအစိုအထွက်တင်း ၁၃၇ ဒသမ ၅၀ တင်းနှုန်း၊ အခြောက်အထွက် တင်း ၁၁၄ ဒသမ ၇၅ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

**သက်ထက်**

# ဂျမေကာနိုင်ငံ၌ ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာကြောင့် ရာစုနှစ်အတွင်း အလွန်ဆိုးရွားပြင်းထန်သည့် သက်ရောက်မှုဖြစ်စေနိုင်ဟုဆို

**ဂျီနီဗာ အောက်တိုဘာ ၂၉**

ယခုနှစ်တွင် အပြင်းထန်ဆုံးအပူပိုင်းဆိုင်ကလုန်း မုန်တိုင်း မယ်လစ်ဆာသည် ဂျမေကာနိုင်ငံ၌ ယခု ရာစုနှစ်အတွင်း အဆိုးရွားဆုံး မုန်တိုင်းဒဏ်သင့်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း (ဒဗလျူအမ်အို) က အောက်တိုဘာ ၂၈ ရက်တွင် ပြောသည်။

Saffir–Simpson အတိုင်းအတာအရ အဆင့်(၅) ရှိသော မယ်လစ်ဆာမုန်တိုင်းသည် အောက်တိုဘာ ၂၈ ရက်တွင် ဂျမေကာအနောက်တောင်ဘက် ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ ထို့အပြင် ဒေသတွင်းမီဒီယာများ၏ဖော်ပြချက်အရ မြောက်ပိုင်း ကာရစ်ဘီယန်ဒေသတစ်ဝန်းတွင် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

အသက်အန္တရာယ်ရှိပြီး တစ်နာရီ ကီလိုမီတာ ၃၀၀ နီးပါးတိုက်ခတ်နိုင်သည့် လေပြင်းတိုက်ခတ်မှုများ၊ မုန်တိုင်းဒီရေကြီးမှုများ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့်ပတ်သက်ပြီး ဒဗလျူအမ်အိုက သတိပေးထားသည်။ ထို့အပြင် ဂျမေကာနှင့် ကာရစ်ဘီယန်ဒေသတစ်ဝန်းရှိ လူသန်းပေါင်းများစွာ ဘေးသင့်မှုရှိနိုင်ကြောင်း ဒဗလျူအမ်အိုက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

ဒဗလျူအမ်အိုမှ အပူပိုင်းဆိုင်ကလုန်း အထူးကျွမ်းကျင်သူ အန်ကလဲယားဖွန်တန်က ကုလသမဂ္ဂ သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ဂျမေကာနိုင်ငံသည် ၁၉၈၈ ခုနှစ်က ဟာရီကိန်း ဂေဘတ်နောက်ပိုင်း ယခုကဲ့သို့ အင်အားအလွန်ပြင်းထန်သည့် ဟာရီကိန်း မုန်တိုင်းမျိုးနှင့် ကြုံတွေ့ဖူးခြင်းမရှိသေးကြောင်း ပြောသည်။ ထို့အပြင် မယ်လစ်ဆာမုန်တိုင်းသည် ကျူးဘား၊ ဘဟားမား၏၊ ဟေတီနှင့် ဒိုမီနီကန် သမ္မတနိုင်ငံတို့သို့လည်း သက်ရောက်မှုရှိနိုင်ပြီး လေပြင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာရွာသွန်း နိုင်သည်ဟု ၎င်းက ဆက်ပြောသည်။

လူပေါင်း ၁ ဒသမ ၅ သန်းခန့်မှာ တိုက်ရိုက် ဘေးသင့်မှုနှင့်ကြုံတွေ့နိုင်ပြီး ဂျမေကာနိုင်ငံသား အားလုံး တစ်နည်းမဟုတ်တစ်နည်း ဘေးသင့်မှုနှင့် ကြုံတွေ့ရနိုင်သည်ဟု အင်္ဂလိပ်နှင့် ဒတ်ချ်စကားပြော သည့် ကာရစ်ဘီယန်ဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ နီစီဖော်မင်ဂန်ဒီက ပြောသည်။



ဟာရီကိန်းမုန်တိုင်း မယ်လစ်ဆာသည် အဆင့်(၃) သို့ အားလျော့သွားပြီဖြစ်ပြီး ၎င်း၏ ဗဟိုချက်သည် အောက်တိုဘာ ၂၈ ရက်နောက်ပိုင်းမှ အောက်တိုဘာ ၂၉ ရက် အစောပိုင်းတွင် ကျူးဘားနိုင်ငံ အရှေ့ပိုင်းသို့ ဖြတ်ကျော်သွားဖွယ်ရှိသည်။ ထို့နောက် အောက်တိုဘာ ၂၉ ရက်နောက်ပိုင်းတွင် ဘဟားမားစ်နိုင်ငံ အရှေ့တောင်ပိုင်း သို့မဟုတ် အလယ်ပိုင်းသို့ရွေ့လျားသွားနိုင်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက အောက်တိုဘာ ၂၉ ရက်တွင် ပြောသည်။

**ဆင်ဟွာ**

# တူရကီယဲနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၇ ရက်နေ့ညပိုင်းက တူရကီယဲနိုင်ငံ အနောက်ပိုင်း ဘယ်လီကီဆာပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ရာ ၂၆ ဦး ဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံလေးလုံးပြိုကျခဲ့ကြောင်း အာဏာပိုင်များက အောက်တိုဘာ ၂၈ ရက်ညပိုင်းတွင် သတင်း ထုတ်ပြန်ခဲ့သည်။

ဒဏ်ရာရရှိသူဦးရေမှာ ၁၉ ဦးမှ ၂၆ ဦးအထိတိုးလာပြီး လူများကြောက်လန့်တကြား အမြင့်မှခုန်ချခြင်းကြောင့် ဒဏ်ရာရရှိကြခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ကမယ်မီမစ်ဆိုဂ်လူက လူမှုကွန်ရက် မီဒီယာပေါ်တွင် ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများမှာ ဆေးရုံတွင်ကုသမှုများခံယူပြီးနောက် ဆေးရုံမှ ဆင်းသွားကြပြီဟု ၎င်းကဆက်ပြောသည်။

ယာယီကွန်တိန်နာအိမ်အလုံး ၁၀၀ ကို ငလျင် လှုပ်ခတ်ရာဒေသတွင်ချထားပေးပြီး ဘယ်လီကီဆာ ပြည်နယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၅၉၆၀၀၀ ခန့် ထောက်ပံ့ငွေထုတ်ပေးခဲ့ကြောင်း ယာလီကာယာ က ပြောသည်။

မြေပြင်ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်လျက်ရှိပြီး ပျက်စီးယိုယွင်းနေသည့် အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ခြင်းမပြုကြရန် ပြည်သူများကို သတိပေးထားသည်။ ဘယ်လီကီဆာ ပြည်နယ် ဆင်းဒဂျီခရိုင်တွင် ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၈ မိနစ်ခန့်က ငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏အနက်မှာ ၅ ဒသမ ၉၉ ကီလိုမီတာခန့် ရှိသည်ဟု တူရကီယဲသဘာဝဘေးအရေးပေါ်စီမံခန့်ခွဲမှု ဥက္ကဋ္ဌက ပြောသည်။

**ဆင်ဟွာ**



# အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ဟိန္ဒူရိုးရာပွဲတော်ကျင်းပချိန်အတွင်း ၁၃၃ ဦး ရေနစ်သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၂၉**

ဟိန္ဒူရိုးရာပွဲတော်ကျင်းပချိန်တွင် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာ ပြည်နယ်နှင့် ဂျာခန်းပြည်နယ်များ၌ လူ ၁၃၃ ဦးခန့် ရေနစ်သေဆုံးခဲ့ပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်း မီဒီယာများက အောက်တိုဘာ ၂၉ ရက်က ဖော်ပြခဲ့သည်။

ဘီဟာပြည်နယ်တွင် ၁၀၈ ဦး ရေနစ်သေဆုံးခဲ့ပြီး ၁၀ ဦး ပျောက်ဆုံးလျက်ရှိသည်။ အိမ်နီးချင်း ဂျာခန်းပြည်နယ်တွင် ရေနစ်သေဆုံးသူ ၂၅ ဦးအထိရှိခဲ့သည်။

ပွဲတော် ကျင်းပချိန်အတွင်း အဆိုပါပြည်နယ်များရှိ မြစ်ချောင်းများအတွင်း ဘာသာရေးအစဉ်အလာအရ ရေဆေးမင်္ဂလာပြုလုပ်ချိန်၌ ရေနစ်သေဆုံးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရေငုပ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဘာသာရေးသက်ဝင်ယုံကြည်သူများကို မြစ်ချောင်းများ၌ ရေဆေးမင်္ဂလာပြုလုပ်ရာတွင် အသိ သတိနှင့် ဆင်ခြင်ပြုလုပ်ရန် သက်ဆိုင်ရာအာဏာပိုင်များ သတိပေးထားသည်။

**ဆင်ဟွာ**

# ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရန် ဒေသတွင်း နိုင်ငံပေါင်းစုံ အစည်းအဝေးတစ်ခု ကျင်းပသွားမည်ဟု ထိုင်းဝန်ကြီးချုပ်ပြော

**ဗန်ကောက် အောက်တိုဘာ ၂၉**



ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေးတွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဒေသတွင်း နိုင်ငံပေါင်းစုံ အစည်းအဝေးတစ်ခု ကျင်းပနိုင်ရန် စီစဉ်နေသည်ဟု ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူလ်က အောက်တိုဘာ ၂၉ ရက်က ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အာရှ-ပစိဖိတ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (အေပက်) စီးပွားရေး ခေါင်းဆောင်များ အစည်းအဝေးသို့ မထွက်ခွာမီ အနူတင်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

မကြာသေးမီက ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ထိပ်သီး အစည်းအဝေး၌ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေးတွင် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို အနူတင်က ထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် ဆိုက်ဘာရာဇဝတ်မှုများကို ပိုမိုတိကျခိုင်မာသော နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် ဒေသတွင်းနိုင်ငံပေါင်းစုံ အစည်းအဝေးကို လက်ခံ ကျင်းပရန် တရားဝင်အဆိုပြုခဲ့သည်။

အဆိုပါကိစ္စ အကောင်အထည်ဖော်ရန် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနကို တာဝန်ပေးခဲ့ကြောင်း အနူတင်က ပြောကြားခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်က အွန်လိုင်း လိမ်လည်မှုများကို တိုက်ဖျက်ရန် အမျိုးသားဦးစားပေးကိစ္စရပ်အဖြစ် ထိုင်းအစိုးရက ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ပါကစ္စတန်နှင့်တာလီဘန်တို့ ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီမှုမရသေး

**ကဘူးလ် အောက်တိုဘာ ၂၉**

အာဖဂန်နစ္စတန်ရှိ တာလီဘန်အစိုးရနှင့် ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးမှုများမှာ လက်တွေ့အသုံးချနိုင်သောအဖြေမရရှိဘဲ အဆုံးသတ်သွားသည်ဟု ပါကစ္စတန် သတင်းအချက်အလက်ဝန်ကြီးက ပြောသည်။ အိမ်နီးချင်းနှစ်နိုင်ငံကြား တစ်ပတ်ကျော်ကြာ ကြောက်မက်ဖွယ်ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက်တွင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ပထမအကြိမ်ဆွေးနွေးပွဲကို ယခုလအစောပိုင်းက ပြုလုပ်ခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့သော်လည်း ဒုတိယအကြိမ်ဆွေးနွေးပွဲမှာ လျင်လျင်မြန်မြန် ပျက်ပြယ်သွားသည်။ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တိုးတက်မှုမရှိသည့်အပေါ် တစ်ဖက်နှင့် တစ်ဖက် အပြစ်အလှန်ပြစ်တင်ခဲ့ကြသည်။

တူရကီယဲနှင့် ကာတာနိုင်ငံတို့က ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့် ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရယူရန်ဖြစ်သည်။ လေးရက်ကြာဆွေးနွေးခဲ့ကြသော်လည်း မည်သည့်ရလဒ်မှ ထွက်ပေါ်လာခြင်းမရှိကြောင်း ပါကစ္စတန်သတင်းအချက်အလက်ဝန်ကြီး အတ်တုလာတာရာက ပြောသည်။

ပါကစ္စတန်နယ်မြေအတွင်းဝင်ရောက်၍ အကြမ်းဖက်မှုများပြုလုပ်ရန် စစ်သွေးကြွအုပ်စုများက အာဖဂန်နစ္စတန်နယ်မြေကို အသုံးပြုနေမှုအား ရပ်တန့်ရန် ပါကစ္စတန်ဘက်ကတောင်းဆိုခဲ့သော်လည်း အာဖဂန်နစ္စတန်ဘက်မှ အာမခံချက် မပေးနိုင်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အာဖဂန်လေပိုင်နက်ကို ချိုးဖောက်ဝင်ရောက်မှုများနှင့် အမေရိကန်ဒရုန်းများပျံသန်းမှုကို ရပ်တန့်ရန် အာဖဂန်နစ္စတန်ဘက်က တောင်းဆိုခဲ့သော်လည်း ပါကစ္စတန်က ငြင်းဆိုခဲ့သည်ဟု အာဖဂန်နစ္စတန်၏တိုလိုနယူးစ်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၉** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များသည် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သည့် လက်ရှိလူငယ်ဘဝကို တန်ဖိုးထားပြီး လမ်းမှားမရောက်အောင် မိမိကိုယ်ကို ထိန်းသိမ်းတည့်မတ်ရင်း ပညာပြည့်ဝနလုံးလှသည့် လူတော်လူကောင်းများ ဖြစ်စေရန် ယခုအချိန်ကတည်းက ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဘဝကို မြင့်မားတိုးတက်ရန် လက်ရှိကျောင်းသား ကျောင်းသူဘဝကတည်းက ပညာပြည့်ဝနလုံးလှသည့် လူဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လူငယ်ဘဝကို



တန်ဖိုးထားပြီး ပညာကို ကြိုးစားသင်ယူကာ ကျောင်းပြင်ပပညာများဖြစ်သည့် နိုင်ငံတကာနှင့် ပတ်သက်သည့် အထွေထွေဗဟုသုတများ၊ ဘာသာစကားများ၊ ခေတ်မီတိုးတက်လာသည့် IT နည်းပညာအပါအဝင် အခြားသောနည်းပညာများကို မျက်ခြည်မပြတ် လေ့လာတတ်ကျွမ်းအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ရေးရာ အသိပညာပေးဆွေးနွေးဟောပြောသည့် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)ကို ဂုဏ်ပြုလက်ဆောင်နှင့် အမှတ်(၁၂) အခြေခံပညာအထက်တန်း ကျောင်းအတွက် အလှူငွေကို လည်းကောင်း၊ ဒုတိယဝန်ကြီးက အမှတ်(၁၂) အခြေခံပညာ အထက်တန်း ကျောင်းအတွက် အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "လူငယ်နှင့် မျိုးချစ်စိတ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး နေပြည်တော်လူငယ်ရေးရာတာဝန်ခံက ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့် ဆုလက်ဆောင် ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့အတွင်းရှိ လမ်းပိုင်းများ ပြုပြင်နေမှု၊ လမ်းဘေးပလက်ဖောင်းများ၊ ကပ်တုံးများ ပြန်လည်ပြုပြင်နေမှုနှင့် လမ်းဘေးမြေယာရှုခင်းများ၊ သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လူအင်အား၊ စက်ယန္တရားအင်အား တိုးမြှင့်ဆောင်ရွက်ရေး၊ လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်အချိန်မီပြီးစီးစေရေး မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# မကွေးမြို့၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပ

**မကွေး အောက်တိုဘာ ၂၉** ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးသည် တောင်သူများနှင့် အဓိကသက်ဆိုင်ကြောင်း၊ တောင်သူများ၊ စိုက်ပျိုးရေးသွင်းအားစုများ ရောင်းချသည့် အရောင်းကုမ္ပဏီများ၊ အရောင်းဆိုင်များ၊ စိုက်ပျိုးရေး ထွက်ကုန်များကို ကုန်သွယ်မှုပြုနေသူများ၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသူများ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ "အင်းဆက်ဖျက်ပိုးများကို ဘက်စုံကာကွယ်ရေး နည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံရောဂါများကို ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ် နှိမ်နင်းနည်းများနှင့် စပ်လျဉ်း၍ နည်းပညာပေးဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

ဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခင်းကျင်းပြသထားသော ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

**မောင်ခိုင်မင်း( ပြန်/ဆက်)**

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ



မော်လမြိုင်မြို့နယ်၌ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ယနေ့နံနက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာန၌ မီးသတ်တပ်ဖွဲ့ဝင်များက အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် ကိုင်တွယ်နည်းများကို လက်တွေ့သင်ကြားပေးစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒီမိုကရေစီပါတီသစ် (ကချင်) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီ အတွင်းရေးမှူး ဦးခေါတိန့် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူလူထု မဲဆန္ဒရှင်များအားလုံး မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီ အတွင်းရေးမှူး ဦးခေါတိန့် ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီသည် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူလူထုကို အခြေခံဖွဲ့စည်းထားသော ကချင်ပြည်နယ် အကျိုးပြုပါတီဖြစ်ပါသည် ခင်ဗျ။

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးစို့"

"လူသားအားလုံးရှင်သန်ဖို့ NDP(K) နှင့်ပူးပေါင်းစို့"

**ပါတီ၏ ရည်မှန်းချက်**

(က) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သော ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။

(ခ) လက်နက်ကိုင်ပဋိပက္ခလုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝ တစ်ပြေးညီ တန်းတူရည်တူဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

**ယုံကြည်ချက်**

(က) ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူသည်။ ကချင်ပြည်နယ် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ခံယူပါသည်။

**အခြေခံမူဝါဒ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူဝါဒကို ခိုင်မြဲစွာ လက်ကိုင်ကျင့်သုံးသွားမည်။

(၂) ပြည်သူလူထုနှင့် လက်တွဲကာ ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်ကိုအခြေခံ၍ ဒေသအကျိုး ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။

(၃) နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်တွန်းလှန်သွားမည်။

(၄) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ ဩဇာခံမျှ မဖြစ်ရ၊ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်ပါသည်။

**ပါတီ၏ ဆောင်ပုဒ်မှာ**

၁။ "ငြိမ်းချမ်းရေး"Peace

၂။ "တန်းတူညီမျှရေး"Equality

၃။ "စည်းလုံးညီညွတ်ရေး"Unity

၄။ "ဖွံ့ဖြိုးတိုးတက်ရေး" Development

ဖြစ်ပါသည်ခင်ဗျ။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီသစ်(ကချင်) New Democracy Party(Kachin) NDP(K) မိမိတို့ပါတီသည် နိုင်ငံရေးပါတီများနှင့်အတူ ကချင်ပြည်နယ်တွင် ကိုယ်စားလှယ်လောင်းများက လွှတ်တော်(၃)ရပ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်သို့ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီသည် ကချင်ပြည်နယ် အခြေစိုက်ပါတီဖြစ်ပါ၍ ကချင်ပြည်နယ် ဒေသတိုင်းရင်းသားတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူငယ်၊ အမျိုးသမီး၊ နိုင်ငံ့ဝန်ထမ်းများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုစာပေတို့တွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အလေးအနက် ကတိသစ္စာပြုပါသည်။

"လူသားအားလုံးရှင်သန်ဖို့
NDP(K) နှင့် ပူးပေါင်းစို့"

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့
ဒီမိုကရေစီပါတီသစ်(ကချင်)
ပါတီကို မဲပေးစို့"

မဲဆန္ဒရှင်ပြည်သူလူထု၊ တိုင်းရင်းသားများအားလုံး၏ တန်ဖိုးရှိလှစွာသော ဆန္ဒမဲများကို ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးကြဖို့ မေတ္တာဖြင့် တောင်းခံအပ်ပါသည်ခင်ဗျ။

အားလုံးကို ကျေးဇူးတင်ပါသည်။

**ပါတီ၏သီချင်းစာသား**

**(၁) သီချင်းခေါင်းစဉ် အမည် = ဒီမိုကရေစီပါတီသစ်(ကချင်)**

V1: ဒါဒို့ ပြည် ဒါဒို့မြေ ဒို့ပြည် ဒို့မြေ ဒို့ပါတီ ဒီမိုကရေစီပါတီသစ်(ကချင်) ထွန်းလင်းတောက်ပ နေပြီနော်

CHO; ပြည်သူများရဲ့ ရင်မှာဖွား ပြည်သူအများက ပိုင်ဆိုင်ထား ထိန်းသိမ်းကြမယ် ဒို့ရိုးရာ ဆောင်ရွက်ကြမယ် ဒို့ဌာနေ ဖွံ့ဖြိုးစေရမည် မိဘပြည်သူ မောင်မယ်များ စည်းလုံးခြင်းသည် အင်အား ဟေးဟေး NDP ကချင်ပါတီ NDP ကချင်ပါတီ NDP ကချင်ပါတီ ထွန်းလင်းတောက်ပ နေပြီနော်

**(၂) သီချင်းခေါင်းစဉ် အမည် = ပြည်သူချစ်သည့်ပါတီ**

V1: စစ်မှန်သော ပါတီပေါ်ထွက်လာပြီ ပြည်သူတွေ ဝမ်းမြောက်ကြသည် ဒီမိုကရေစီပါတီသစ် ရှေ့ကိုချီ ဒေသအကျိုး သယ်ပိုးသွားမည်

V2; ထာဝရငြိမ်းချမ်းရေး ရှေးရှုပါသည် သာယာဝပြောတိုးတက်ဖို့ရည် ဘာသာယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံ လေးစားကာ ထိန်းသိမ်းသွားမည်

Cho; NDP NDP ပြည်သူတွေ အားကိုးထိုက်ပါသည် NDP NDP ပါတီ ဒေသအကျိုး ဦးထိပ်ထားပါမည် အပြောနဲ့အလုပ် လက်တွေ့ပြမည် ဒီမိုကရေစီပါတီသစ်(ကချင်)

## ကဝမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

ကဝ အောက်တိုဘာ ၂၉

မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ကဝမြို့နယ် ငါးထပ်ကြီးဘုရားရင်ပြင်ပေါ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး မင်းမင်းထွန်းက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံအဆင့်၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**



## ပလောက်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ရှင်းလင်းပြသခြင်းနှင့် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

ပလောက် အောက်တိုဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် စက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က ပလောက်မြို့ ရွှေသီလာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုလောမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်လွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်၊ မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပါဝင်သည့်ဆက်စပ်ပစ္စည်းများ၊ မဲပေးစက်များကို ကိုင်တွယ်အသုံးပြုခြင်း၊ မဲရလဒ်များ၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ပလောက်(ပြန်/ဆက်)**

## ပင်းတယမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

ပင်းတယ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးတွင်းကုန်းကျေးရွာ



ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၂၇ ရက်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ပြုလုပ်သည်။

ဦးစွာ ခရိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပင်းတယမြို့နယ်ရဲတပ်ဖွဲ့မှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ဟန့်တားဖျက်ဆီးခြင်းနှင့် ကာကွယ်ပေးရေးဥပဒေမှ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးတွင်းကုန်းကျေးရွာသူ ကျေးရွာသားများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့မဲပေးခဲ့သည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၉

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ က
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၂၉

**ဖလုံ - စဝေါ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ယုဇနဝါ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို ဟောပြောထုတ်လွှင့်ခွင့်ပြုပေးသော နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာပြည်တစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအားလုံးတို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေရန်နှင့် ကပ်ဘေးအပေါင်းမှ ကင်းဝေးကြပါစေဟု ဦးစွာ နှုတ်ခွန်းဆက်သဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက်က ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့၏ ကျူးကျော်အုပ်စိုးလွှမ်းမိုးမှုကြောင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းများကို နိုင်ငံသူနိုင်ငံသားများ လက်လွှတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီး အေဒီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ (၄)ရက်နေ့ ရောက်ရှိမှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးဖြစ်လာကာ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ကြသည်။

လောကကမ္ဘာ၌ လူအချင်းချင်း ကိုယ်ချင်းစာတရားကို အခြေခံပြီး ဘက်လိုက်ခြင်း၊ ညှဉ်းဆဲခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ကျူးကျော်ရန်စခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမရှိပါက ပဋိပက္ခဟူသည့် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း ဖြစ်ပေါ်လာရန် အကြောင်းမရှိပေ။ ပဋိပက္ခများကြောင့်သာ လောကလူသားများ လူမှုအခွင့်အရေးဆိုင်ရာ ခံစားခွင့်များ လက်လွှတ်ဆုံးရှုံးခဲ့ကြရပေသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများကို အလေးထားမည်။ မထီမဲ့မြင်မပြုရ၊ လူသားတို့၏ အကျင့်သိက္ခာကို တန်ဖိုးထားလေးစားလိုက်နာမည်။ ရက်စက်ကြမ်းကြုတ်ခြင်း မပြု၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာမည်။ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေးမြူခွင့်ရှိရမည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်လာစေရန် ကောင်းမွန်သောစိတ်ဆန္ဒဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားမည်ဟု တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်နယ်သူ ပြည်နယ်သားများအား အသိပေး ကြွေးကြော်ကြေညာပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ညီညွတ်ရေးသဘောတရားတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီး၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ဖြစ်ထွန်းတည်တံ့စေရန် အလို့ငှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အစအလယ်အဆုံး (၃) ပါးလုံး၌ တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်စေလိုပါသည်။ နိုင်ငံသားတိုင်း၏အခွင့်အရေးကို အာမခံနိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့တွင် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားပြုခွင့်ကို မဲဆန္ဒရှင်ပြည်သူပြည်သားများအား အသိပေးခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည်

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

(ခ) အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ စသည်တို့ဖြင့် ဦးတည်ချက်ချမှတ်တည်ထောင်ထားသောပါတီကြီးဖြစ်သည်။ ဤမျှသည်မကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သည့် ပါတီကြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည် မညှဉ်းဆဲခြင်း(အဟိံသ)၊ အမှန်ကိုသာ ပြောဆိုခြင်း (အသစ္စဘာသန)၊ မခိုးဝှက်ခြင်း (အထေယျ)၊ မြတ်သောအကျင့် ကျင့်ခြင်း (ဗြဟ္မစရိယ)၊ မိမိအတွက် မသိမ်းပိုက်ခြင်း(အပရိဂ္ဂဟ)တည်းဟူသော လူသားတို့၏ ကျင့်ဝတ်(၅)ဖြာကိုလည်း လေးစားလိုက်နာသောပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို အဓိကထားပြီး မြင့်မြတ်တန်ဖိုးရှိသော လူမှုဘဝ တည်ထောင်ရေးအတွက် လမ်းညွှန်ပြသောပါတီကြီးဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများပြည်သူအတွက် အနစ်နာခံနိုင်သူများအဖြစ် စုပေါင်း၍ ကြိုးစားအားထုတ် ဆောင်ရွက်မည့်ပါတီဖြစ်ပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံမူဝါဒများမှာ အောက်တွင် ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(၁) ကရင်အမျိုးသားတို့၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ထုံးတမ်းအစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်မည်။

(၂) လွတ်လပ်မှုနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် အမျိုးသားအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်းအတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံး ရရှိခံစားနိုင်အောင် သက်ဝင်လှုပ်ရှား ကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်။

(၄) ကရင်တစ်မျိုးသားလုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဝပြောသောဘဝကို ဖန်တီးနိုင်ရန် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို ဆန့်ကျင်ကန့်ကွက် တိုက်ဖျက်မည်။

